ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း

ဗဟိုကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားချက်အမှတ် ၁ /၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေပုဒ်မ၄၀ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အတွင်းရှိ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ကလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းကလည်းကောင်း ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများအား တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အောက်ပါ သတ်မှတ်ချက်များ နှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်-

(က) ကျောင်းအမည်နှင့် ကျောင်းပတ်ဝန်းကျင်

(၁) ကျောင်းအမည်ကို နိုင်ငံတကာရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်း အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏ မူပိုင်ခွင့်အမည်များနှင့်လည်းကောင်း၊

(၂) ကျောင်းအတွင်း/ အပြင် သင်ယူရာနေရာများ ဖန်တီးထားရှိရမည်။ ( ဥပမာ၊ သဲဖြင့်ကစားရန်နေရာ၊ ရေဖြင့်ကစားရန်နေရာ)

(၃) လူမှုဝန်ထမ်းဦးစီးဌာနမှ ချမှတ်ထားရှိသည့် ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း ထားရှိရမည်။

၂။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များသည်** သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အတွင်းရှိ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကလည်းကောင်း ဖွင့်လှစ်သည့် ရပ်ရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်းများ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်-

(က) ကျောင်းအမည်နှင့် ကျောင်းပတ်ဝန်းကျင်

(၁) အဆောက်အအုံသည် လေဝင်လေထွက်ကောင်းမွန်ခြင်း၊ လုံခြုံပြီး အန္တရာယ်ကင်းရှင်းခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်း၊ အပူချိန်သင့်တင့်မျှတခြင်း နှင့် အလင်းရောင် ကောင်းစွာရရှိခြင်းတို့ ပြည့်စုံရမည်။

(၂) ရပ်ရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်း လုပ်ကိုင်ရခြင်း၏ ရည်ရွယ်ချက်ကို အများမြင်သာသည့် နေရာတွင် ချိတ်ဆွဲထားရှိရမည်။

(၃) ကလေးသူငယ်များကို ကာယိန္ဒြေပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှုများ၊ အကြမ်းဖက်မှုများစသည်တို့ မဖြစ်ပေါ်စေရေးအတွက် ပြုစုစောင့်ရှောက်သူအားလုံး သိရှိလိုက်နာမည်ဖြစ်ကြောင်း ခံဝန်ချက်လက်မှတ် ရေးထိုးထားရှိရမည်။ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အခြားသောကျောင်းများ၏ အမည်များနှင့်လည်းကောင်း တူညီမှုမရှိစေရ။

(၂) ကျောင်းအဆောက်အအုံသည် လေဝင်လေထွက် ကောင်းမွန်ခြင်း၊ လုံခြုံပြီး အန္တရာယ်ကင်းရှင်းခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်း၊ အပူချိန်သင့်တင့်မျှတခြင်းနှင့် အလင်းရောင်ကောင်းစွာရရှိခြင်းတို့ပြည့်စုံရမည်။

(၃) နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းကို ရောချဖွင့်လှစ်ခြင်း မပြုဘဲ သီးခြားစီသာ ဖွင့်လှစ်ရမည်။

(၄) ကလေးသူငယ်များကို ကာယိန္ဒြေပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုများ၊ အကြမ်းဖက်မှုများစသည်တို့ မဖြစ်ပေါ်စေရေးအတွက် ကျောင်းရှိဝန်ထမ်းများအားလုံး သိရှိလိုက်နာမည်ဖြစ်ကြောင်း ခံဝန်ချက်လက်မှတ် ရေးထိုးထားရှိရမည်။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများမှ ရပ်ရွာလူထုအတွင်းသို့ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ရမည်။

(၅) အဆောက်အအုံအပါအဝင်၊ ကျောင်း၏စုစုပေါင်း အကျယ်အဝန်းသည် ကလေးတစ်ဦးလျှင် ၁၈ စတုရန်းပေ ရှိရမည်ဖြစ်သည်။ (ဒေသဆိုင်ရာ လိုအပ်ချက်အပေါ်မူတည်၍ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။)

(၆) ရှေးဦးသူနာပြု ဆေးသေတ္တာထားရှိရမည်။

(၇) သန့်ရှင်းကောင်းမွန်သော ရေအိမ်စနစ်ရှိရမည်။

(ခ) ပြုစုစောင့်ရှောက်သူနှင့် ကလေးဦးရေ

(၁) နေ့ကလေးထိန်းဌာနဖြစ်ပါက အသက်နှစ်နှစ်အောက် ကလေးသုံးဦးလျှင် ဆရာတစ်ဦး၊ အသက်နှစ်နှစ်မှ သုံးနှစ်အထိ ကလေးခြောက်ဦးလျှင် ဆရာတစ်ဦးရှိရမည်။

(၂) မူလတန်းကြိုကျောင်းဖြစ်ပါက အသက်(၃နှစ်မှ ၆နှစ်) ကလေး ၁၅ဦးလျှင် အနည်းဆုံး ဆရာတစ်ဦးရှိရမည်။

(၃) တာဝန်ခံကျောင်းအုပ်သည် အသက်၂၅နှစ် ရှိရမည်ဖြစ်ပြီး အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာအောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာဒေသ အခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(၄) ဆရာမများသည် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သည့် မူကြိုဆရာမသင်တန်းတက်ရောက်ပြီးဖြစ်ရမည်။ သို့မဟုတ် လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် မူကြိုဆရာမသင်တန်းတစ်ခုခု တက်ရောက်ပြီးဖြစ်ရမည်။

(၅) ကျောင်းအုပ်နှင့် ဆရာမအကူ ဝန်ထမ်းများသည် ကျန်းမာကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဌာန၏ ထောက်ခံချက်ရှိရမည်။

(ဂ) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး နည်းစနစ်များနှင့်အညီ သင်ကြားလေ့ကျင့်ပေးခြင်း

(၁) လူမှုဝန်ထမ်းဦးစီးဌာနမှပြဋ္ဌာန်းထားရှိသည့် သင်ရိုးညွှန်းတမ်းနှင့်အညီ လစဉ်၊ အပတ်စဉ် သင်ခန်းစာအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရမည်။

လုပ်ကိုင်ဆောင်ရွက်နေသူများမှ ရပ်ရွာလူထုအတွင်းသို့ အသိပညာ ပေးအစီအစဉ်များ ဆောင်ရွက်ရန် လမ်းညွှန်မှုပြုရမည်။

(၄) ကလေးများအတွက် လုံခြုံစိတ်ချရသည့်ပတ်ဝန်းကျင် ဖြစ်ပေါ် စေရေး အထူးအလေးပေး၍ ဆောင်ရွက်ရမည်။

(၅) ရှေးဦးသူနာပြု ဆေးသေတ္တာထားရှိရမည်။

(၆) သန့်ရှင်းကောင်းမွန်သော ရေအိမ်စနစ်ရှိရမည်။

(ခ) ပြုစုစောင့်ရှောက်သူနှင့် ကလေးဦးရေ

(၁) ပြုစုစောင့်ရှောက်ပေးသည့် ကလေးများ၏အမည်နှင့် အသက်အရွယ် စာရင်းအား စနစ်တကျ မှတ်တမ်းရေးသွင်း ထားရှိရမည်။

(၂) ကလေး ၁၅ ဦးလျှင် အနည်းဆုံး ပြုစုစောင့်ရှောက်သူ တစ်ဦးရှိရမည်။

(၃) တာဝန်ခံအပါအဝင် ပြုစုစောင့်ရှောက်သည့် ဆရာမများသည် အနည်း ဆုံး အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ပြီး ကလေး သူငယ် ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာအောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာန က လက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(၄) တာဝန်ခံနှင့် ပြုစုစောင့်ရှောက်သူ ဆရာမများသည် ကျန်းမာကြောင်း နှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဌာန ၏ ထောက်ခံချက်ရှိရမည်။

(ဂ) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနည်းစနစ်များနှင့်အညီ သင်ကြားလေ့ကျင့်ပေးခြင်း

(၁) လူမှုဝန်ထမ်းဦးစီးဌာနမှ ပြဋ္ဌာန်းထားရှိသည့် သင်ရိုးညွှန်းတမ်းနှင့်အညီ လစဉ်၊ အပတ်စဉ် သင်ခန်းစာအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရမည်။

(၂) ကျောင်းအတွင်း/ အပြင် သင်ယူရာနေရာများ ဖန်တီးထားရှိရမည်။ (ဥပမာ၊ သဲဖြင့်ကစားရန်နေရာ၊ ရေဖြင့်ကစားရန်နေရာ)

(၃) လူမှုဝန်ထမ်းဦးစီးဌာနမှချမှတ်ထားရှိသည့် ကလေးများ ဘက်စုံဖွံ့ဖြိုး တိုးတက်မှုမှတ်တမ်းထားရှိရမည်။

အမိန့်အရ

18.9.2020

အတွင်းရေးမှူး

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း

ဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၁၉၈၁ / ဥပဒေ / ၂-၁၉ / ၂၀၂၀

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၁၈ရက်

ဖြန့်ဝေခြင်း-

- ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟို ကြီးကြပ်ရေးအဖွဲ့ဝင်များ၊
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
- နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး၊

- လူမှုဝန်ထမ်းဦးစီးဌာန၊
- ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအားလုံး၊
- ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများအားလုံး၊

မိတ္တူကို-

(၁) ရုံးလက်ခံ

(၂) မျှောစာတွဲ

(၃) စာတွဲအမှတ်၊ ၉၉၉/၁-၂/၂၀၂၀။